Burmese: The Role of Carers

# မြန်မာ- စောင့်ရှောက်သူများ၏ အခန်းကဏ္ဍ

ကလေးသူငယ် ဒိုလုံဒုက္ခသည် အစီအစဉ် (Refugee Minor Program, (RMP)) ဝန်ဆောင်မှုရယူသူ အားလုံးသည် မိဘများနှင့်အတူမနေသည့် အလျောက် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုရယူသူ အုပ်စု၏ ကျန်းမာရေးနှင့် သာယာဝပြောရေးကို သေချာစေရန် စောင့်ရှောက်သူများ၏ အခန်းကဏ္ဍ သည် အလွန်အရေးကြီးပါသည်။

စောင့်ရှောက်သူများမှာ -

- တစ်ဆင့်ခံမိသားစုအပါအဝင်ဖြစ်သော ဆွေမျိုးအုပ်စု ကွန်ရက်၊ သက်ဆိုင်သော ယဉ်ကျေးမှုဆိုင်ရာ အသိုင်းအဝိုင်းဝင်လူများ၊ သူငယ်ချင်းများ၊ ကလေး သို့မဟုတ် လူငယ်အား သိသောအခြားလူများ
- စောင့်ရှောက်ဂေဟာ အပါအဝင်ဖြစ်သော အခြားနည်းဆောင်ရွက်သော စောင့်ရှောက်သူများ တို့ဖြစ်ကြပါသည်။

အုပ်ထိန်းမှုပေးရန်မလိုသည့် ကလေးများ (Non-wards) နှင့် RMP ၏ပတ်သက်မှုသည် မည်သည့်ယဉ်ကျေးမှုအသိုင်းအဝိုင်းမှ ကလေးများအား ၎င်းတို့၏မိဘများက အကောင်းဆုံး စောင့်ရှောက်ကြသည်ဟူသော စည်းမျဉ်းအပေါ် နိဒါန်းပျိုးထားပါသည်၊ သို့သော်လည်း ဤကိစ္စမဖြစ်နိုင်လျှင် ၎င်းတို့အား ယဉ်ကျေးမှုအတူတူမှ နီးစပ်ရာဆွေမျိုးများက အကောင်းဆုံး စောင့်ရှောက်မည်ဖြစ်သည်။ ထို့ကြောင့် အုပ်ထိန်းမှုပေးရန်မလိုသည့် ကလေးများ (Non-wards) နှင့် RMP ၏လုပ်ကိုင်မှုသည် ဖြစ်နိုင်သမျှကိစ္စတွင် ကလေး/လူငယ် အား၎င်းတို့ဆွေမျိုးများ၏စောင့်ရှောက်မှု အောက်တွင်ထားရှိရန် ဦးတည်ထားပါသည်။ ယေဘုယျအားဖြင့် ဆွေမျိုးသည် တူညီသောယဉ်ကျေးမှုမှ ရှိမည်၊ တူညီသောဘာသာစကားကို ပြောမည်၊ ကလေး နှင့်/လူငယ် ၏မိသားစုနောက်ကြောင်းသမိုင်း ကိုသိမည်၊ ၎င်းပြင် များသောအားဖြင့် ကလေး/လူငယ် ကြုံတွေ့ခဲ့ရသည့် ဒုက္ခသည်အတွေ့အကြုံနှင့်အလားတူသည့် အတွေ့အကြုံ ရှိခဲ့မည် တို့ဖြစ်သည်။